By Rubel Shelly

# မရည်ရွယ်ဘဲ ဖြစ်ခဲ့ရသည့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ မျက်စိသျှမ်းမှု



အဖွဲ့ဝင်ငါးဦးပါသော လေတပ်စုံစမ်းစစ်ဆေးရေးအဖွဲ့က ၄င်းတို့၏ **F-117A** လေယာဉ်ပျံ ပျက်ကျခဲ့သည့်အကြောင်းအရင်းပေါ် စုံစမ်းစစ်ဆေးမှု ပြုခဲ့ခြင်းအား အဆုံးသတ်လိုက်သည်။ ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် အများက **Stealth** တိုက်လေယာဉ်အနေနှင့် သိကြပြီး နောက်ဆုံးခေတ်ပေါ် နည်းပညာတို့ဖြင့် တည်ဆောက်ထားသော ဂျက်တိုက်လေယဉ်များထဲမှ တစ်စီးက အမှန်တကယ်ပင် ကောင်းကင်ယံတွင် အစိတ်စိတ်အမွှာမွှာဖြစ်သွားခဲ့ရသည်။ လေယဉ်မှူးက ဘေးလွတ်ရာသို့ လေထီးဖြင့် လွတ်မြောက်သွားနိုင်ခဲ့သလို လေယာဉ်ပျက်ကျရာအရပ်ဖြစ်သော ဘဲလ်တီးမောမြို့၏ ဆင်ခြေဖုံးအရပ်တွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းမဖြစ်ခဲ့။

စဉ်းစားစရာဖြစ်ခဲ့ရသော အဆိုပါ ဂျက်လေယာဉ်ကို ၁၉၉၆ခုနှစ် ဇန်နဝါရီလအတွင်းမှာ အသေးစိတ်သေချာစွာပြန်လည်ပြင်ဆင်ပြီး စစ်ဆေးခဲ့သည်။ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ တစိတ်တဒေသအဖြစ် တောင်ပံများကို ဖယ်ရှားပစ်လိုက်ပြီး ပြန်လည်တပ်ဆင်ခဲ့သည်။ တောင်ပံကို နေသားတကျ စုစည်းတပ်ဆင်ပေးသည့် မူလီ၅လုံးအနက်၄လုံးကို စစ်ဆေးသူများ တပ်ဆင်ရန် ပျက်ကွက်ခဲ့ကြောင်း သိသာထင်ရှားသည်။ နောက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စစ်ဆေးမှု နှစ်ခုကလည်း ထိုချို့ယွင်းမှုကို သတိမထားမိ ဖြစ်ခဲ့ပြန်သည်။ ထိုစစ်ဆေးမှုအနက် တစ်ခုက ထိုလေယာဉ်ကိုမောင်းသည့် လေသူရဲသည် သူ့လေယဉ်၏ တောင်ပံများ၌ ကွေးညွှတ်မှု အလွန်အကျွံဖြစ်နေကြောင်း အစီရင်ခံလာခဲ့သည့်ချက်ခြင်း စစ်ဆေးခဲ့ရခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်ဗိုလ်မှူးကြီး ဂျွန်ဘီယာ့(ဒ)က “ကျွန်တော့်အမြင်အရ ဒီမတော်တဆဖြစ်ပွားမှုဟာ မရည်ရွယ်ဘဲဖြစ်သွားခဲ့ရတဲ့ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ မျက်စိလျှမ်းသွားခဲ့ခြင်းကြောင့်သာဖြစ်တယ်” ဟု ဆိုခဲ့ပါသည်။

မူလီ ၄ လုံးကျပ်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ဒေါ်လာ ၄၂ သန်းတန် **Stealth** တိုက်လေယာဉ်တစ်စီးပျက်ကျ သွားခဲ့ရသည်။ ပေါ့လျော့သော ပြုပြင်ထိန်းသိမ်းမှုကြောင့် လေယာဉ်မှူးတစ်ဦး အသက်ဆုံးရှုံးလုနီးပါး ဖြစ်သွားခဲ့ရသည်။ တစ်စုံတစ်ယောက်၏ မရည်ရွယ်သော မျက်စိလျှမ်းသွားခဲ့မှုကြောင့် မြေ–ပြင်ပေါ်မှ လူဒါဇင်ပေါင်း အတော်များများ အန္တရာယ်ကျရောက်မည့်အနေအထားသို့ ရောက်ခဲ့ရသည်။ သေးနုပ်ပြီး အရေးမပါသော မူလီ ၄ လုံးအတွက် အဖိုးအခက ကြောက်ခမန်းလိလိ မြင့်မားနေသကဲ့သို့ မြင်ရသည်။

ဤသို့သော အဖြစ်အပျက်များကလည်း တချိန်လုံးလိုလို ဖြစ်နေခဲ့သည်။ ဈေးကွက်သုတေသန သို့မဟုတ် ကုန်ပစ္စည်းတိုးတက်ဖွံ့ဖြိုးမှုတို့ကို ရင်ပေါင်တန်း မလိုက်မိသောကြောင့် ကုမ္ပဏီတစ်ခု ကျရှုံးမှု တွေ့ကြုံခဲ့ရသည်။ အားကစားသမားတစ်ဦးက မိမိဒေါသကို မထိန်းသိမ်းနိုင်ခဲ့သောကြောင့် သို့မဟုတ် အငယ်တန်းအုပ်ချုပ်ရေးအရာရှိတစ်ဦးက ကျင့်ဝတ်ဆိုင်ရာ ချို့ယွင်းမှုကြောင့် အပြစ်ရှိ၍ တစ်ချိန်က အလွန်ပြောင်မြောက် အားကျစရာအသက်မွေးဝမ်းကြောင်းအလုပ်က မြောင်းထဲရောက်သွားခဲ့ရသည်။

ပို၍ဝမ်းနည်းစရာ ကောင်းနေသည်မှာ အိမ်ထောင်ရေးတွင် တစ်ဦးတစ်ယောက် သို့မဟုတ် နှစ်ယောက်စလုံး၏ မရည်ရွယ်ပါဘဲလျက် ပြုမိခဲ့ကြသည့် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ မျက်စိလျှမ်းမှု၊ လစ်ဟင်းမှုကြောင်း အိမ်ထောင်ရေးပေါင်း မြောက်များစွာ ပျက်စီးသွားခဲ့ရသည်ကို ကျွန်ုပ်တို့အားလုံးလိုလို တွေ့ဖူးမြင်ဖူးခဲ့ကြပြီဖြစ်သည်။ သူက သူမကို အရေးမစိုက်၊ သူမကလည်း သူ့အပေါ် စိတ်ဝင်စားမှုမရှိ။ ရံဖန်ရံခါ ပြဿနာ၏ လက္ခဏာ၊ အရိပ်အမြွက် ပြခဲ့ပါသည်။



သို့သော် သူတို့၏ ဆက်ဆံရေးကို ဂရုတစိုက်ဖြင့် ပြုပြင်ရန် ထိုပြဿနာများကို တစိုက်မတ်မတ် ဖြေရှင်းခြင်း မပြုခဲ့၍ တနေ့နေ့တွင် ထိုအိမ်ထောင်ရေး ပြိုကွဲရသလို လူကြီးများရော ကလေးတွေပါ ကိုယ်စိတ်နှစ်ဖြာ ချွတ်ယွင်းကြရသည်။

သင့်ကိုယ်ပိုင် ဝိညာဉ်ရေးဆိုင်ရာ ကိုယ်ပိုင်အသက်တာကရော. . . မည်သို့ ဖြစ်ပါသနည်း? ကောင်းမွန်စွာ ထိန်းသိမ်းပြုပြင်ထားသောနှလုံးသားသည်ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝပြီး ဝမ်းမြောက်ခြင်း ခွင့်လွှတ်ခြင်းတို့ရှိသည်။ အမှန်ကိုပြောပြီး ဂုဏ်သိက္ခာရှိရှိ အသက်ရှင်သည်။ သမင်ဒရယ်သည် ရေစီးသောချောင်းကို တောင့်တသကဲ့သို့ ဘုရားသခင်ကို တောင့်တသည်(ဆာလံ ၄၂း၁) ဆုတောင်းခြင်းက သဘာဝဖြစ်သလို သမ္မာကျမ်းစာက အဖိုးထိုက်လှသည်။

ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ မှတ်တမ်းကို စစ်ဆေးကြည့်ရှုခြင်းအားဖြင့် ဤရက်သတ္တပတ်ကို စတင်ခြင်းသည် ဉာဏ်အမြော်အမြင်နှင့်ပြည့်ဝခြင်းဖြစ်ပေလိမ့်မည်။ အသေးစိတ်ကျပါစေ၊ ချောင်ကြို ချောင်ကြားမကျန် စစ်ဆေးပါ။ ချို့တဲ့မှုများကို ဦးတည်ပြောဆိုရာတွင် ရဲရဲတင်းတင်းရှိပါ။ ဘုရားသခင်သည် သင်၏ ပျံ့သန်းမှုကို မြင်လိုပြီး ပျက်ကျသွားခြင်းကို အလိုမရှိပါ။

## ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စစ်ဆေးမှုပြုရန် လိုအပ်သောအခါ

- ဘုရားသခင်သည် ကျွန်တော်တို့ကို ပျော်ရွှင်စေလိုသော်လည်း သင့်အနေနှင့် သာမာန်လုပ်ရိုးလုပ်စဉ်အတိုင်းသာ အရာရာကို လည်ပတ်နေရခြင်းအပေါ် စိတ်ကျေနပ်မှုမရှိသည့်အချိန်၊ သင့်နှလုံးသားကို ဘုရားသခင်ထံ ဖွင့်ထုတ်လိုက်ပြီး လိုအပ်သည့် အပြောင်းအလဲအတွက် ဘုရားသခင်ကို အမှန်တကယ်ရှာဖွေပြီး ဆုတောင်းသည့်အချိန် စသည့်အချိန်များ ရှိသင့်ပါသည်။
- မိမိထံသို့ ဝမ်းမြောက်ခြင်း၊ ကျန်းမာခြင်းနှင့် ပျော်ရွှင်ခြင်းတို့ကို ယူဆောင်လာမည့်အလုပ်ကို ဘုရားသခင်အား လုပ်ခွင့်ပေးရန်အတွက် သင်သည် ဘုရားသခင်၏ တန်ခိုးတော်နှင့်သီးသန့် ကိုယ်ပိုင်အဆက်အသွယ်ပြုရန် လေ့လာသင်ကြားရမည်။
- ချစ်ခြင်းမေတ္တာနှင့် ဆုတောင်းခြင်းတို့ရှိနေလျှင် မျှော်လင့်ခြင်း အစဉ်အမြဲရှိနေမည်သာဖြစ်သည်။

ဒေးဗစ်ဘရန့်ဘာ့(ဂ်)